# " မီးသတ်ဆေးဘူးများအကြောင်းသိကောင်းစရာ "

မီးလောင်မှုတစ်ခုဖြစ်ပွားသည့်အခါ တာဝန်အရှိဆုံးနှင့် သက်စွန့်ဆံဖျား ဆောင်ရွက်နေသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှာရှိသည့် မီးသတ်ဦးစီးဌာနပဲဖြစ်ပါသည်။ မီးသတ်ဦးစီးဌာန အနေဖြင့် ယင်းတို့၏ဝန်ကြီးဌာနမှ ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ ဌာန၏ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းတို့ကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ လောင်ကျွမ်းမှုဖြစ်ပွားပါက ဘေးအန္တရာယ်ကျရောက်မှုမှာလည်း ပိုမိုမြင့်မားသည့်အတွက် မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်နေရသည့် မီးသတ်တပ်ဖွဲ့များအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟုသိရှိရပါသည်။

သိသာထင်ရှားသည့် သာဓကအနေဖြင့် ပြရမည်ဆိုပါက (၂၉.၁၂.၂၀၁၁) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ ကူးတို့ဆိပ်ရှိ လျှပ်စစ်ပစ္စည်း သိုလှောင်ရုံမီးလောင်မှုမှတစ်ဆင့် ကပ်လျက်ရှိနေသည့် ပရဆေးသိုလှောင်ရုံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားပြီး ပေါက်ကွဲမှုများပါ ဆက်လက်ဖြစ်ပွားခဲ့ရာတွင် မီးသတ်တပ်ဖွဲ့ဝင်(၅)ဦး အပါအဝင် ပတ်ဝန်းကျင်တွင် နေထိုင်သူ အမျိုးသား(၁၁)ဦးနှင့် အမျိုးသမီး(၅)ဦးဖြင့် စုစုပေါင်း (၂၁)ဦးအသက်ဆုံးရှုံးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်(၄၄)ဦး အပါအဝင် အရပ်သားအမျိုးသား(၄၇)ဦးနှင့် အမျိုးသမီး(၁၈)ဦးဖြင့် ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း(၁၀၉)ဦးရှိခဲ့ပါသည်။ အဆိုပါ မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်တွင် ပရဆေးဂိုထောင်၌ တန်ချိန်ပေါင်း (၅၈.၂၅)တန်ခန့်ရှိသော ဇဝက်သာ(Ammonium Chloiride)၊ ယမ်းစိမ်း (Potassium Vitrate)၊ အရောင်ချွတ်မှုန့် (Bleaching Powder)၊ ပိုတက်စီယမ်ကလိုရိုဒ် (Potassium Chloride)၊ ဖော့စဖရပ်စ် (Phosphrous)၊ ဆေးသကြား (Sacchrine)၊ အမိုနီယမ်နိုက်ထရိတ် (Ammonium Nitrate) စသည်ဖြင့် ပရဆေးအမည်တပ်ထားသော ဓာတုပစ္စည်းများ ဖြစ်နေကြောင်းတွေ့ရှိရပါသည်။ ထပ်မံ၍ (၂.၈.၂၀၁၂) ရက်နေ့တွင် ချောက်မြို့ရှိ စက်မှုဝန်ကြီးဌာနပိုင်ဖြစ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် (Hydrogen Peroxide) စက်ရုံတွင် နည်းပညာချို့ယွင်းချက်ကြောင့် မီးလောင်ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ထို့အပြင် တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း မီးလောင်မှု (၆၉)ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ (၂)ဦးနှင့် ဒဏ်ရာရရှိသူ (၄၀)ဦးရှိခဲ့ပါသည်။

ထို့ကြောင့် ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မီးသည် သက်ရှိသက်မဲ့တိုင်းအတွက် အန္တရာယ်အပေးနိုင်ဆုံးနှင့် အသုံးဝင်ဆုံးသောအရာတစ်ခုဖြစ်သည်။ သုံးတတ်လျှင် အလွန်အကျိုးရှိစေနိုင်သော်လည်း ပေါ့ဆမိပါက မည်သူကိုမျှ ညှာတာခြင်းမရှိတတ်ပေ။ အကယ်၍ လောင်

ကျွမ်းမှုရှိခဲ့လျှင်လည်း မည်သို့ကြိုတင်ကာကွယ်မှုများနှင့် မည်သည့်ကာကွယ်ပစ္စည်းများကို အသုံးချရမည်ကို ပြည်သူတစ်ယောက်အနေနှင့် နားလည်သိရှိထားရန် အထူးလိုအပ်ပေသည်။ ယခုဆောင်းပါးတွင် မီးဘေးကာကွယ်ရေးပစ္စည်းအမျိုးမျိုးထဲမှ တစ်ပိုင်တစ်နိုင်သုံး မီးသတ်ဆေးဘူး အချို့အကြောင်းကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင်လည်း နှစ်စဉ်မီးလောင်ကျွမ်းမှုပုံစံအမျိုးမျိုးတို့ကို ရင်ဆိုင်နေရပြီး လူတို့၏အသက်အိုးအိမ်စည်းစိမ်တို့ကို မီးကြောင့် အတိုင်းအဆမရှိ ထိခိုက်ဆုံးရှုံးပျက်ဆီးလျက်ရှိသည်။ မီးဘေးအန္တရာယ်ကို မိမိတို့တစ်ဦးချင်း တစ်နိုင်တစ်ပိုင်က စတင်ကာကွယ် ထိန်းချုပ်နိုင်ခြင်းဖြင့် ကြီးကျယ်သောပျက်စီးဆုံးရှုံးမှုတို့ကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန် ကျွန်ုပ်တို့သည် မီးနှင့်ပတ်သက်သော လောင်ကျွမ်းမှုအမျိုးမျိုး၊ ငြိမ်းသတ်ရမည့် နည်းလမ်းအသုံးချရမည့် မီးသတ်ပစ္စည်းတို့ကို ကောင်းမွန်စွာ သိရှိနားလည်ထားရန် လိုအပ်ပေသည်။

မီးလောင်ကျွမ်းမှု ပုံစံအမျိုးမျိုးရှိသည့်အတွက် အသုံးပြုသည့် မီးသတ်ဆေးဘူးအမျိုးမျိုးရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ တစ်မျိုးစီတိုင်းတွင် မီးလောင်မှုကို ထိရောက်သော ကာကွယ်မှု၊ လုံခြုံစိတ်ချရမှု၊ ပြန်လည်ဖြည့်တင်းနိုင်သော ပါဝင်ပစ္စည်းတို့ဖြင့် တည်ဆောက်ထားသည်ကို တွေ့နိုင်သည်။ အသုံးပြုသူတို့သည် မိမိတို့လုပ်ငန်းခွင်နှင့် နေထိုင်ရာတို့တွင် အရေးပေါ်ကိစ္စများ မမျှော်လင့်ပဲ ဖြစ်ပေါ်နိုင်သောမီး ဘေးအန္တရာယ်ကိုကာကွယ်နိုင်ရန် ရုတ်တရက် အသုံးပြုရမည့် မီးသတ်ဆေးဘူးတို့ကို နေရာမှန်ကန်စွာနှင့် အမျိုးအစားမှန်ကန်စွာ အသုံးချတတ်ရန် အရေးကြီးပေသည်။

မီးလောင်ကျွမ်းမှုအမျိုးမျိုးကို ၄င်းတို့လောင်ကျွမ်းမှုပေါ် မူတည်၍ အမျိုးအစား(၅)မျိုး ခွဲခြားနိုင်ပါသည်။ မီးသတ်ဆေးဘူးတစ်မျိုးတည်းနှင့် မီးလောင်မှုအမျိုးမျိုးကို ကောင်းမွန်စွာ ငြိမ်းသတ်ထိန်းချုပ်နိုင်မည်မဟုတ်ပေ။ မီးသတ်ဆေးဘူးတစ်မျိုးစီတိုင်းတွင် ပုံစံမတူသော မီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်သော ကွဲပြားသည့်ပါဝင်ပစ္စည်းများနှင့်အတူ လုံခြုံစိတ်ချမှုရှိစေရန် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၄င်းတို့၏ အမည်၊ အရောင်၊ အဓိပ္ပာယ်သတ်မှတ်ချက်၊ အသုံးပြုမီးသတ်ပိုက်တို့ကိုလိုက်၍ ခွဲခြားထားသည်ကိုတွေ့ရသည်။

မိမိအဆောက်အဦ လုံခြုံစိတ်ချရစေရန် သင့်တော်သော မီးသတ်ဆေးဘူးအမျိုးအစားကို ရွေးချယ်သိရှိရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် မီးလောင်ကျွမ်းမှု ပုံစံအမျိုးအစား(၅)မျိုးရှိကြောင်း ဖော်ပြလိုပါသည်-

Class A — ၄င်းအမျိုးအစားသည် မီးတောက်လွယ်သောပစ္စည်းများဖြစ်သည့် သစ်သား၊ ပလပ်စတစ်၊ စက္ကူ၊ ချည်မျှင်နှင့်အထည်များ၊ အသီးအနှံအစေ့အဆန်မှုန့်တို့ လောင်ကျွမ်းခြင်းဖြစ်သည်။

Class B ၄င်းသည် မီးတောက်လွယ်သောအရည်များဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ကတ္တရာဆေး၊ ဆီနှင့်ပြုလုပ်ထားသောသုတ်ဆေး၊ အရက်စသည်နှင့် မီးတောက်လွယ်သောဓာတ်ငွေ့များဖြစ်သည့် မီသိန်း၊ ပရိုပိန်း၊ ဗြူတိန်းဓာတ်ငွေ့ အစရှိသည်တို့လောင်ကျွမ်းမှုဖြစ်သည်။

Class C ၄င်းသည် အင်အားပြင်းလျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ( ကွန်ပျူတာ၊ မော်တာ၊ ထရန်စဖော်မာများ ) လောင်ကျွမ်းမှုဖြစ်သည်။

Class D ၄င်းသည် ဓာတ်သတ္တုများလောင်ကျွမ်းမှုမှ ဖြစ်ပေါ်လာသော မီးလောင်မှု (တိုက်တေနီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ပိုတက်ဆီယမ်၊ အလူမီနီယမ် သတ္တုများအစရှိသည်) တို့ဖြစ်သည်။

Class K ၄င်းသည် ချက်ပြုတ်ရာတွင် အသုံးပြုသော ဟင်းရွက်ဆီ၊ အသားဆီတို့လောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးလောင်ကျွမ်းမှု (နေကြာဆီ၊ သံလွင်ဆီ၊ ပြောင်းဆီ၊ ထောပတ်နှင့် အသားအဆီများ)

မည်သို့သော လောင်ကျွမ်းမှုမျိုးဖြစ်ပါစေ ဖြစ်ပေါ်ပါဝင်မှုလေးမျိုးနှင့် မီးလောင်သည်ကို တွေ့နိုင်သည်။ ၄င်းတို့မှာ လောင်ကျွမ်းခြင်းဖြစ်စေသောလောင်စာ (Fuel)၊ ထွက်ပေါ်လာသောအပူ (Heat)၊ လောင်ကျွမ်းမှုကို တာရှည်စေသော အောက်စီဂျင် (Oxygen)၊ နောက်ဆက်တွဲ ထိုသုံးမျိုးကြားရှိ ဓာတုဓာတ်ပြုမှု (Chemical Reaction) တို့ဖြစ်သည်။ အိမ်သုံးမီးသတ်ဆေးဘူးများတွင် အထက်ပါလေးမျိုးမှတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော ပါဝင်ပစ္စည်းများကို ဖယ်ရှားပေးနိုင်သော အရည်အသွေးရှိသည်ကိုတွေ့ရသည်။ မီးလောင်ကျွမ်းမှုတစ်ခုတိုင်းသည် လောင်စာအမျိုးအစား၊ အပူထွက်ပမာဏ၊ ဆက်တိုက်ဖြစ်စဉ်လောင်ကျွမ်းမှုအမျိုးမျိုးပြောင်းလဲနိုင်၍ ၄င်းတို့အနေအထားနှင့် သင့်လျော်သောမီးသတ်ဆေးဘူးကို အသုံးပြုမှသာ ထိရောက်မှုရှိမည်ဖြစ်သည်။

ဥပမာအားဖြင့် Class A ကဲ့သို့ သစ်သား၊ စက္ကူစသည်တို့ လောင်ကျွမ်းမှုသည် ရေဖြင့်ငြိမ်းသတ်နိုင်သော်လည်း Class Cကဲ့သို့ လျှပ်စစ်ဆက်စပ်ပစ္စည်းများ လောင်ကျွမ်းရာတွင် ရေဖြင့်ငြိမ်းသတ်၍ မရနိုင်ပေ။ ရေသည် လျှပ်စစ်စီးကူးနိုင်၍ လူကိုအန္တရာယ် ဖြစ်နိုင်ပါသည်။

မီးသတ်ဆေးဘူးအမျိုးအစားနှင့် ယင်းတို့အသုံးပြုပုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်-

**ရေအသုံးပြုမီးသတ်ဆေးဘူး (Water Extinguisher)** အမျိုးအစား(၂)မျိုးရှိရာ မူလစံရေသုံးမီးသတ်ဆေးဘူး (Standard Water Extinguisher)နှင့် ရေမှုန်သုံးမီးသတ်ဆေးဘူး (Dry Water Mist Extinguisher) တို့ဖြစ်သည်။ ၄င်း၏ Label Color သည်အနီရင့်ရောင်ဖြစ်သည်။ မီးတောက်ကို ဖိအားသုံး၍ ရေနှင့်ဖျန်းသတ်ခြင်းဖြစ်ပြီး မူလကတည်းက အသုံးပြုသည့်ပစ္စည်းဖြစ်သည်။ ရေဖျန်းမီးသတ်

ဆေးသည် Class A (စက္ကူ၊ သစ်သားလောင်ကျွမ်းခြင်း) တစ်မျိုးတည်းအတွက်သာ အသုံးပြုနိုင်သည်။ ထိုဆေးဘူးတွင် တစ်ခါတစ်ရံဓာတုပစ္စည်းများ ထပ်ပေါင်းထည့်ပြီး အသုံးပြုခြင်းဖြင့် ၃၀ ရာခိုင်နှုန်းထက်ပိုသော ထိရောက်မှုကိုရစေသည်။ ယင်းကိုအသုံးပြုစဉ်မှာ ဖြည့်စွက်ဓာတုပစ္စည်းသည် ရေပေါ်ရှိ သဘာဝမျက်နှာပြင်တင်းအားကို လျော့ကျစေပြီး မီးလောင်ပစ္စည်းထဲသို့ စိမ့်ဝင်ခြင်းဖြင့် ပိုမိုထိရောက်သောကာကွယ်မှုကို ဖြစ်စေခြင်းဖြစ်သည်၊

**ရေမှုန်သုံးမီးသတ်ဆေးဘူး (Dry Water Mist Extinguisher)** သည်မီးလောင်မှုဖြစ်စဉ် အမျိုးမျိုးတွင်အသုံးပြုနိုင်သော နည်းပညာသစ်သုံး ဘက်စုံရဆေးဘူးဖြစ်သည်။ Class K ကဲ့သို့ စားသုံးဆီ၊ အဆီစသည်တို့ လောင်ကျွမ်းရာတွင် ရေနှင့်ချေဖျက်ရန်ခက်ခဲရာ ယင်းရေမှုန်သုံးမီးသတ်ဆေးဘူးမှာ ထိရောက်သော တိုက်ခိုက်နိုင်စွမ်းရှိသည်။ ယင်းဘူး၏ Spray Nozzle ရေထွက်ပေါက်ကလေးမှ ရေကို ခြောက်သွေ့၍ သေးငယ်သော အမှုန်လေးများအဖြစ် ပြောင်းလဲ၍ မီးအားအပူကို လျော့ကျစေကာ မီးတောက်ကို ငြိမ်းသတ်စေပါသည်။ မီးထဲမှလောင်ကျွမ်းမှုကို အားပေးသော အောက်ဆီဂျင်ပါဝင်မှုကို လျော့ကျစေသည်။ ၄င်းရေမှုန်များသည် ဓာတ်သတ္တုများကို ဖယ်ထုတ်ထားသော De-ionized Water (ဓာတ်စီးကူးခြင်း ဖြစ်စေတတ်သော အိုင်းယွန်းအမှုန်များမပါခြင်း) ဖြစ်၍ ပိုမိုအစွမ်းထက်မှုကို သိသာစေသည်။ လျှပ်စစ်ကြောင့်ဖြစ်သော မီးတောက်တွင် ယင်းမီးသတ်ဆေးကို အသုံးချခြင်းဖြင့် လျှပ်စစ်စီးကူးစေသော အိုင်ယွန်းများ မပါရှိသောကြောင့် ဓာတ်လိုက်ခြင်း မဖြစ်နိုင်ပေ။ ထိုကြောင့် ရိုးရိုးရေသုံး မီးသတ်ဆေး မသုံးနိုင်သော အရည်အငွေ့လောင်ရာတွင် ယင်းကို အသုံးပြုနိုင်သည်။ ClassA, Class B, Class C နှင့် Class K တို့တွင် ၄င်းသည် ထိရောက်ပြီး အန္တရာယ် ကာကွယ်ပေးနိုင်ပါသည်။ မီးငြိမ်းမှုကိုထိရောက်စေ၍ အသုံးပြုသူကိုလည်း လုံခြုံမှုရစေသည်။ အပူကိုတွန်းထုတ်ပေးပြီး မီးငြိမ်းစေကာ မီးလောင်ပြီး ကျန်ရှိသည့် အကြွင်းအကျန်များကို ရှင်းလင်းရာတွင်လည်း အခက်အခဲမဖြစ်နိုင်ပေ။ ရေသုံးမီးသတ်ဆေးဘူးများကို သစ်သား သို့မဟုတ် အပင်ထွက်ပစ္စည်းနှင့် တည်ဆောက်သောရုံး၊ ကျောင်း၊ ဆေးရုံ၊ အိမ်ရာ၊ ကုန်လှောင်ရုံအဆောက်အဦများတွင် အသုံးပြုနိုင်ပါ သည်။

**အမြှုပ်သုံးမီးသတ်ဆေး (Foam Extinguisher)**သည် Class B ကဲ့သို့ မီးတောက်လွယ်သော အရည်များဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီပစ္စည်းများတွင် အသုံးများသည်။ ရေအခြေခံထားသည့် အမျိုးအစားဖြစ်၍ ClassA တွင်လည်း သုံးနိုင်သည်။ ၄င်း၏ Label Color သည် နို့နှစ်ရောင်ဖြစ်သည်။ ရေမြုပ်သုံးမီးသတ်ဆေးသည် လောင်စာပေါ်တွင် အေးမြသော သက်ရောက်မှုကိုရရှိစေသည်။ အရည်များလောင်ရာတွင် အမြှုပ်များသည် မီးတောက်နှင့်လောင်စာကြားတွင် အတားအဆီးအဖြစ် ဖန်တီး၍ မီးကိုသေစေသည်။ မီးလောင်တတ်သောအရည်များ သိုလှောင်သည့်အခန်းများ အသုံးပြုရမည်ဖြစ်သည်။

**အမှုန့်သုံးမီးသတ်ဆေး (Powder Extinguisher)** ၏စံပြုအမျိုးအစားမှာ ABC Powder ဖြစ်သည်။ ၎င်း၏ Label Color သည်အပြာရောင်ဖြစ်သည်။ ABC မီးသတ်ဆေးမှုန့်သည် Class A, Class B နှင့် Class C တို့လောင်ရာတွင် အပူခံ Thermal Blast အဖြစ် မီးတောက်ကိုလျော့ကျစေကာ အေးစေပြီး လောင်ကျွမ်းခြင်းကို ရပ်တန့်စေနိုင်သည်။ ၎င်း၏အပူစီးကူးမှုမရှိသော သဘာဝကြောင့် လျှပ်စစ်နှင့် ပတ်သက်သောမီးလောင်မှုတွင် အသုံးပြုနိုင်သည်။ ထိုအမှုန့်တို့သည် အလုံပိတ်အခန်းမျိုး မီးလောင်ရာတွင်အသုံးပြု၍ရှူရှိုက်မိပါက အန္တရာယ်ဖြစ်သည်။ မီးလောင်ပြီးကျန်ရှိနေသော အကြွင်းအကျန်များသည် သန့်စင်ရန်ခက်ခဲစေသည်။ ပျော့ပျောင်းသော အိမ်အသုံးအဆောင်များ၊ ကောဇောများနှင့် လျှပ်စစ်သုံးပစ္စည်းများကို ၎င်းအမှုန့်က ပျက်ဆီးစေနိုင်သည်။ ထိုအမှုန့်သည် Monoammonium Phosphate ဟူသောမှုန့်ညက်သည့် ဓာတုပစ္စည်းနှင့် ဖွဲ့စည်းထားသည်။ ထိုအရာသည် မီးကိုငြိမ်းသတ်စေသည်။ Class A, B နှင့် C တို့တွင် အသုံးပြုနိုင်သည်။ လျှပ်စစ်စီးကူးနိုင်မှု မရှိသကဲ့သို့ အရည်နှင့် ဓာတ်ငွေ့တို့ မီးလောင်မှုနှင့် နောက်ဆက်တွဲ ဓာတ်ပြုမှုများကို မဖြစ်စေရန် ကာကွယ်ပေးသည်။

Organic Materials များဖြစ်သောစက္ကူ၊ ကဒ်ထူများ၊ ချည်မျှင်အထည်များ၊ သစ်သားစများ၊ မီးတောက်လွယ်သော ဓာတ်ဆီကဲ့သို့ အရည်များ မီးတောက်လွယ်သော Acetylene နှင့် LPG ကဲ့သို့ ဓာတ်ငွေ့များ၊ ဗို့အား ၁၀၀၀ (up to 1000 V)ထိမီးထွက်စေသော လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများတွင် သုံးနိုင်ပါသည်။ မီးတောက်လွယ်သော ဓာတ်ငွေ့သုံးအလုပ်ရုံများ၊ ဝရိန်ဆော် ဂဟေဆက်သောနေရာများ၊ ကားများရှိရာ ဓာတ်ဆီဆိုင်များ၊ LPGဓာတ်ငွေ့ရည်ဆိုင်များ၊ စီးပွားဖြစ် အမြောက်အများထုတ်သော Boiler ခန်းများတွင် Dry Powder Extinguisher လိုအပ်သည်။ ချက်ပြုတ်ဆီများလောင်ခြင်း၊ ဗို့အား ၁၀၀၀ အထက် (over 1000 V) လျှပ်စစ်ပစ္စည်းများနှင့် အလုံပိတ်ရုံး၊ အိမ်အဆောက်အဦတွင် လုံးဝမသုံးသင့်ပေ။

**ကာဗွန်ဒိုင်အောက်ဆိုဒ်သုံးမီးသတ်ဆေးဘူး (Carbondioxide Extinguisher)** သည် မီးငြိမ်းသတ်ရာတွင် သန့်ရှင်းမှုအရှိဆုံး အမျိုးအစားဖြစ်သည်။ ရှင်းလင်းရန် အကြွင်းအကျန်မရှိပေ။ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် မီးထဲရှိ အောက်ဆီဂျင်ကို ဖယ်ထုတ်ပြီး အောက်ဆီဂျင်ကြောင့် ဖြစ်တတ်သော မီးတောက်လောင်မှုကိုငြိမ်းသတ်ပေးသည်။ ၎င်း၏ Label Color သည် အနက်ရောင်ဖြစ်သည်။ Class B ကဲ့သို့ မီးတောက်လွယ်သော အရည်လောင်ကျွမ်းမှုနှင့် လျှပ်စစ်ကြောင့်ဖြစ်တတ်သော မီးလောင်မှုကို လုံးဝပြီးပြည့်စုံစွာ အသုံးပြုနိုင်သည်။ မီးဖိုအတွင်းအိုးများပေါ်မီးလောင်ခြင်း၊ စက္ကူသစ်သား အထည်များလောင်ခြင်း၊ သတ္တုများလောင်ကျွမ်းခြင်းအတွက်သုံးရန်မသင့်ပေ။2kgရှိ $CO_2$ပါ မီးသတ်ဆေးဘူးများကိုလုပ်ငန်းသုံးကားများတွင် အဆင်သင့် တပ်ဆင်သယ်ဆောင်သင့်သည်။

**ဓာတုပစ္စည်းသုံးမီးသတ်ဆေးဘူး (Wet Chemical Extinguisher)** သည် ချက်ပြုတ်ရာမှထွက်ပေါ်လာသောဟင်းရွက်ဆီနှင့် အသားအဆီတို့လောင်ကျွမ်းမှုအတွက် ၎င်းဆေးဘူးကိုသုံးသည်။ ၎င်း၏

Label Color သည် အဝါရောင်ဖြစ်ပြီး ထိုမီးသတ်ဘူးတွင် ပိုတက်ဆီယမ် (Potassium-K) အဓိက ပါဝင်သည်၊ ပိုတက်ဆီယမ်ကာဗွန်နိတ် ($K_2CO_3$)၊ ပိုတက်ဆီယမ်အက်ဆီတိတ် ($CH_3CO_2K$)၊ ပိုတက်ဆီယမ်ဆီထရိတ် ($C_6H_5K_3O_7$)စသည့် Wet Chemical ကိုမီးလောင်နေရာသို့ဖျန်းခြင်းဖြင့် မီးကိုဦးစွာငြိမ်းစေကာ ထိုဓာတုဆေးရည်နှင့် မီးလောင်မျက်နှာပြင်တို့ ထိတွေ့ဖြစ်ပေါ်ဓာတ်ပြုခြင်းမှ ဆပ်ပြာကဲ့သို့သော အမြှုပ်အလွှာများထလာကာ ထပ်မံလောင်စေမည့် တွန်းအားပေး အောက်ဆီဂျင်ကိုကာကွယ်ပေးသည်။ ၎င်းသည် မီးဖိုချောင်တွင်လောင်ကျွမ်းခြင်း (Class K) အတွက် အကောင်းဆုံးဖြစ်သည်။ Class A တွင်လည်း သက်ရောက်မှုရှိနိုင်သည်။ မီးလောင်လွယ်သောအရည်များ၊ အငွေ့များ၊ လျှပ်စစ်ပစ္စည်းများ၊ သတ္တုများလောင်ရာတွင် မသုံးရပေ။

မီးသတ်ဆေးဘူးများတွင် အသုံးများသော Chemicals တချို့နှင့် ယင်းတို့၏ အန္တရာယ်အကြောင်းကို ဆက်လက်လေ့လာ တင်ပြသွားမည်ဖြစ်သည်။ ဆေးဘူးအများစုမှာ မိုနိုအမိုနီယမ်ဖော့စဖိတ် MAP ($NH_4H_2PO_4$)၊ ပိုတက်စီယမ်ဘိုင်ကာဗွန်နိတ် ($KHCO_3$) (သို့) ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် ($NaHCO_3$)၊ နိုက်ထရိုဂျင် ($N_2$)၊ အငွေ့ပျံလွယ်သောဖလူရိုကာဗွန် (FCs) နှင့် ဖိသိပ်ထားသော ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) တို့ထည့်သွင်းထားခြင်းဖြစ်သည်။ မီးသတ်ဆေးဘူး အများစုသည် သေးငယ်သော Chemicals အမှုန်များကို ထုတ်လွှတ်ပါသည်။ အမှုန်များမှာ နား၊ နှာခေါင်း၊ လည် ချောင်း၊ အရေပြားတို့ကို ထိမိပါက စပ်ဖျဉ်းဖျဉ်းဖြစ်ကာ ကျိန်းစပ်စေနိုင်သည်။ ယင်းနေရာကို ရေများများဖြင့် ေးကြောရန်လိုပသည်။ ရှူရှိုက်မိလျှင်ဖြစ်စေ၊ မျိုချမိလျှင်ဖြစ်စေ အဆုတ်ရောင်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ကျောက်ကပ်ထိခိုက်တတ်ခြင်း ရောဂါလက္ခဏာများကို ဖြစ်စေနိုင်သည်။

**Monoammonium Phosphate (MAP)** သည် ဘက်စုံသုံး Dry Chemical အမျိုးအစားဖြစ်ပြီး ClassA, ClassB နှင့် ClassC တို့တွင်အသုံးပြုသည်။ အဝါရောင်အမှုန့်ဖြစ်သည်။ ထိုအရောင်သည် အခြားအမျိုးအစားများနှင့်မတူ ကွဲပြားမှုဖြစ်စေသည်။

**Sodium Bicarbonate (Baking Soda)**သည် သာမာန် Dry Chemical ဖြစ်ပြီး Class B နှင့် Class C အတွက်သာ သုံးနိုင်ပါသည်။ အဖြူရောင်ရှိပြီး ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိနိုင်သည်။ Baking Soda သည် ဆာလဖျူရစ်အက်ဆစ်နှင့် ထိတွေ့ပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုထုတ်သည်။ ထိုဆေးဘူးများ၏ သတ္တုထည့်ခွက်တွင် ဆာလဖျူရစ်အက်ဆစ်ပုလင်းများ ပါရှိပြီး Baking Soda Solution ကိုဖြည့်တင်းကာ ဓာတ်ပြုစေပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လွှတ်၍ မီးငြိမ်းသတ်စေသည်။

**Carbon dioxide ($CO_2$)** သုံးမီးသတ်ဆေးဘူးမှ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် မီးမတောက်နိုင်ခြင်း၊ လျင်မြန်စွာ အငွေ့ပြန်တတ်ခြင်းတို့ကြောင့် အသုံးပြုရ လွယ်ကူသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သဘာဝအတိုင်းတွေ့ရပြီး လူသားတို့ရှူရှိုက်နေသောလေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသော

ကြောင့် ထူးဆန်းမှုမရှိပေ။ ထိုပြင် အချို့ရည်များတွင်လည်း ဖိသိပ်ထားသောဓာတ်ငွေ့ (Compressed Gas) အနေဖြင့် တွေ့နိုင်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေဝင်လေထွက်နည်းသောနေရာတွင် အများအပြားရှူရှိုက်မိမှသာ အဆိပ်ဖြစ်စေနိုင်သည်။ လေကောင်းလေသန့်ရမည့်နေရာသို့ ပို့ဆောင်ကုသရန်လိုပေသည်။

**Monosodium Phosphate** သည် Class A, Class B နှင့် Class C အမျိုးအစား(၃)ခုလုံး အတွက်အသုံးပြုနိုင်သော မီးသတ်ဆေးမှုန့်ဖြစ်သည်။ အဝါဖျော့ရောင်ရှိပြီး အခြားဓာတုပစ္စည်းများ ထက်တိုက်စားမှုပိုများသည်။ မီးခိုးရောင်ဖြစ်သော Potassium Bicarbonate နှင့် Urea Complex သည် အခြားအမှုန်များထက် ပိုမိုထိရောက်မှုရှိသည်။

ယခုကဲ့သို့ မီးအမျိုးအစား၊လောင်ကျွမ်းမှုပုံစံနှင့် မီးသတ်ဆေးဘူးတွင်ပါဝင်ပစ္စည်းတို့ကို သိရှိခြင်းဖြင့် မိမိတို့ပိုင်ဆိုင်သောအရာများ၊ လုပ်ငန်းများ၊ အဆောက်အဦများ၊ အသက်အိုးအိမ်စည်းစိမ်တို့ ကိုစိတ်ချလုံခြုံမှုရှိစေရန် မည်သို့ပြုမူရမည်ကို သိရှိမည်ဖြစ်သည်။ ထို့ပြင် မည်သို့ထိန်းသိမ်းရမည် ကိုလည်းလေ့လာ သိရှိရန်လိုပေသည်။ ထိန်းသိမ်းမှုမရှိခြင်း၊ ကောင်းမွန်ကျွမ်းကျင်စွာ အသုံးမချတတ် ခြင်းတို့ကြောင့် ပစ္စည်းအပြည့်အစုံရှိသော်လည်း အကျိုးရှိမည်မဟုတ်ပေ။ မည်သည့် Chemicals မဆို အနည်းနှင့်အများ ထိခိုက်မှုဖြစ်စေတတ်သည်။ မိမိတို့ အရေးကြုံ၍ သုံးရမည်ဆိုပါက Chemicals အကြောင်းသတိပြုသိရှိစေရန်နှင့် မိမိတို့တွင်ရှိသော မီးသတ်ပစ္စည်းကို ကောင်းမွန်မှန်ကန်စွာ နားလည် ပြီးနေရာမှန် အသုံးချတတ်စေရန်အတွက် မီးသတ်ဆေးဘူးနှင့် ပတ်သက်သည့် ဗဟုသုတတချို့ကို ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

References : What are the different types of fire extinguisher and their uses

: Types of fire extinguisher. How to choose the right class

**ဒေါက်တာလပြည့်ခင်**